MTSH Myanmar Thilawa SEZ Holdings Public Limited
Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအထွေထွေအစည်းအဝေးနှင့် ပဉ္စမအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့သည့်ဆုံးဖြတ်ချက်များအား အသိပေးကြေညာခြင်း

ရက်စွဲ ။ ။၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပက်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသော အထူးအထွေထွေအစည်းအဝေးနှင့် ပဉ္စမအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဆောင်ရွက်မည့်ကိစ္စများ အသိပေးကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည့် အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ပြုလုပ်ခဲ့သော ကုမ္ပဏီ၏အထူး အထွေထွေအစည်းအဝေးနှင့် ပဉ္စမအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များမှ သဘောတူ ဆုံးဖြတ်ခဲ့ကြောင်း အသိပေးကြေညာအပ်ပါသည်။

| **အထူးဆုံးဖြတ်ချက်** | **ရလဒ်** |
|---|---|
| ၁။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ အသစ်ပြန်လည်ရေးဆွဲထားသည့် မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်လီမိတက် (MTSH) ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား အတည်ပြုရန်။ | အတည်ပြုသည် |

| **သာမန်ဆုံးဖြတ်ချက်များ** | **ရလဒ်** |
|---|---|
| ၁။ ကုမ္ပဏီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရှင်းတမ်း၊ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာများအား အတည်ပြုရန်။ | အတည်ပြုသည် |
| ၂။ ကုမ္ပဏီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီမှအဆိုပြုထားသော အမြတ်ဝေစုအား အတည်ပြုရန်။ | အတည်ပြုသည် |
| ၃။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် အသားတင်အမြတ်ငွေ၏ (၁) ရာခိုင်နှုန်းကို စက်တင်ဘာလ (၂၈) ရက်နေ့အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်များအား ခွဲဝေပေးရန်။ | အတည်ပြုသည် |

၄။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အတွက် ဒါရိုက်တာအဖွဲ့ဝင်များအား အတည်ပြုရန်။ အတည်ပြုသည်

ဒါရိုက်တာအဖွဲ့ဝင်များမှာ -

၁။ ဦးဝင်းအောင်

၂။ ဦးခင်မောင်အေး

၃။ ဦးသိမ်းဝေ

၄။ ဦးအောင်စိုးသာ

၅။ ဦးသိန်းဟန်

၆။ ဦးထွန်းလွင်

၇။ ဦးဉာဏ်သစ်လှိုင်

၈။ ဦးတင်မောင်လှိုင်

၉။ ဦးမြင့်ဇော်

၅။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ပြင်ပစာရင်းစစ်အဖြစ် ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များအား စာရင်းစစ်ခန့်အပ်ခြင်းအား အတည်ပြုရန်။ အတည်ပြုသည်

မြန်မာ သီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီး၌ အစုရှယ်ယာရှင်များက အတည်ပြုခဲ့ကြသည့်အတိုင်း အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစုကျပ် (၂၃၀) အား အစုရှယ်ယာရှင်များသို့ ထုတ်ဝေပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လိုင်စင်ရငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီတွင် စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအနေဖြင့် အဆိုပါ အမြတ်ဝေစုကို မိမိတို့စာရင်းဖွင့်လှစ်ထားသည့် ငွေချေးသက်သေခံကုမ္ပဏီများထံမှ တဆင့်လက်ခံရရှိမည်ဖြစ်ပါသည်။ ငွေချေးသက်သေခံ လက်မှတ်စာရင်း ဖွင့်လှစ်ထားခြင်းမရှိသေးသည့် အစုရှယ်ယာရှင်များကို မိမိတို့အမြတ်ဝေစုများအား သက်ဆိုင်ရာ ဘဏ်ခွဲအသီးသီးများမှတဆင့် Pay-Order Cheque "P.O. Cheque" ဖြင့်ပေးမည်ဖြစ်ပါသည်။ ထုတ်ယူရမည့်နေ့ရက်နှင့် ဘဏ်ခွဲများစာရင်းကို ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

အောင်စိုးသာ

အုပ်ချုပ်မှုဒါရိုက်တာ